## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စီမံကိန်းဦးစီးဌာန

## လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာအစီရင်ခံစာ (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ)



ရက်စွဲ ၂၂ - ၁၀ - ၂၀၂၃

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ စက်တင်ဘာလ(၂၉) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃ |
| ၅။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ စက်တင်ဘာလ(၂၉) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃-၄ |
| ၆။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ စက်တင်ဘာလ(၂၉) ရက်ထိ လယ်ယာထွက် ပစ္စည်း တင်ပို့မှု | ၄ |
| ၇။ | ဆန်နှင့် ဆန်ကွဲ | ၅-၇ |
| ၈။ | ပဲအမျိုးမျိုး | ၈-၁၁ |
| ၉။ | ပြောင်း | ၁၁-၁၂ |
| ၁၀။ | ရာဘာစိမ်း | ၁၃ |
| ၁၁။ | နှမ်း | ၁၄ |
| ၁၂။ | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၄-၁၅ |
| ၁၃။ | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၆ |
| ၁၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ စက်တင်ဘာလ(၂၉) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၆ |
| ၁၅။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆-၁၈ |
| ၁၆။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၈-၁၉ |
| ၁၇။ | သုံးသပ်ချက် | ၁၉-၂၁ |
| ၁၈။ | နိဂုံး | ၂၁ |
| ၁၉။ | နောက်ဆက်တွဲဇယားများ | |


# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ)

## နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ (၅) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံးရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန်နှင့် မူဝါဒချမှတ်ခြင်း၊ သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၇,၁၅၄.၄) သန်းရှိသည့်အနက် လယ်ယာထွက်ကုန်အနေဖြင့် ဒေါ်လာ (၂,၉၈၆.၉၈) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုးစုစုပေါင်း (၁၆,၆၂၀.၁၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် ဒေါ်လာ (၃,၉၉၉.၀၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်(၁၇%)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၂၄%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၇%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁)

၅။ သို့ဖြစ်၍ ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၅၃၄.၂၃) သန်းလျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၀၁၂.၀၄) သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲဇယား-က)

ဇယား (၁) - ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဧပြီ မှ မတ် | ၂၀၁၉-၂၀၂၀ ဧပြီ မှ မတ် | ၂၀၂၀-၂၀၂၁ ဧပြီ မှ မတ် | ၂၀၂၁-၂၂ ဧပြီ မှ မတ် | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃ထိ) |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၇% | ၂၀% | ၂၇% | ၂၇% | ၂၄% | ၂၁% |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၃% | ၂% | ၀.၄၂% | ၀.၀၅% | ၀.၁၂% | ၀% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၅% | ၅% | ၄% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၁၀% | ၈% | ၄% | ၂% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၁% | ၁.၀% | ၀.၈% | ၁.၀% | ၀.၈% | ၀.၄% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၅% | ၅၉% | ၅၃% | ၅၇% | ၆၆% | ၆၄% |
| ၇ | အခြားပစ္စည်း | ၁၀% | ၄% | ၆% | ၅% | ၃% | ၉% |
| | **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ စက်တင်ဘာလ (၂၉) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ

၆။ အစီရင်ခံကာလဖြစ်သော (၁-၄-၂၀၂၃) မှ (၂၉-၉-၂၀၂၃) အထိ ပို့ကုန်တင်ပို့မှုစုစုပေါင်း ဒေါ်လာသန်း (၇,၅၈၄.၁၇) တွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၁,၅၇၀.၂၁) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၄.၀၀) သန်း၊ ရေထွက် ဒေါ်လာ(၃၀၀.၄၃) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၅၂.၁၄) သန်း၊ သစ်တောထွက် ဒေါ်လာ(၃၃.၈၉)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၄၈၃၁.၉၆) သန်းနှင့် အခြားပစ္စည်းများ ဒေါ်လာ(၆၉၁.၅၃) သန်းပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲဇယား(က)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ စက်တင်ဘာလ (၂၉) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ

၇။ လယ်ယာထွက်ပစ္စည်းတင်ပို့မှုတွင် လယ်ယာကဏ္ဍတင်ပို့မှုအနေဖြင့် စုစုပေါင်း ဒေါ်လာ (၁၈၇၄.၆၅) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၁,၅၇၀.၂၁) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၄.၀၀) သန်းနှင့် ရေထွက်ပစ္စည်း ဒေါ်လာ (၃၀၀.၄၃) သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ဇယား(၂)


ဇယား (၂) – လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် ပမာဏ | ခြားနားချက် % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၁,၈၇၄.၆၅ | ၂,၀၆၁.၇၀ | - ၁၈၇.၀၅ | - ၉.၀၇% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၁,၅၇၀.၂၁ | ၁,၇၀၂.၆၀ | - ၁၃၂.၃၉ | - ၇.၇၈% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၂၁၃.၅၂ | ၃၁၅.၂၄ | - ၁၀၁.၇၂ | - ၃၂.၂၇% |
| | | တန်ချိန် | ၄၇၄,၉၄၇.၀၁ | ၉၀၂,၇၃၄.၃၀ | - ၄၂၇,၇၈၇.၂၉ | - ၄၇.၃၉% |
| | (က) ဆန် | US$ | ၁၁၂.၇၇ | ၁၈၉.၄၉ | - ၇၆.၇၂ | - ၄၀.၄၉% |
| | | တန်ချိန် | ၂၂၅,၈၂၁.၈၆ | ၅၁၆,၇၈၅.၆၅ | - ၂၉၀,၉၆၃.၇၉ | - ၅၆.၃၀% |
| | (ခ) ဆန်ကွဲ | US$ | ၁၀၀.၇၅ | ၁၂၅.၇၆ | - ၂၅.၀၁ | - ၁၉.၈၈% |
| | | တန်ချိန် | ၂၄၉,၁၂၅.၁၅ | ၃၈၅,၉၄၈.၆၅ | - ၁,၃၆၈၂၃.၅ | - ၃၅.၄၅% |
| ၂ | ပဲအမျိုးမျိုး | US$ | ၇၁၅.၀၁ | ၆၃၂.၃၂ | ၈၂.၆၉ | ၁၃.၀၈% |
| | | တန်ချိန် | ၈၆၃,၃၆၆.၅ | ၈၀၆,၀၈၃.၃၄ | ၅၇,၂၈၃.၁၇ | ၇.၁၁% |
| ၃ | ပြောင်း | US$ | ၂၅၄.၉၂ | ၂၄၂.၅၅ | ၁၂.၃၆ | ၅.၁၀% |
| | | တန်ချိန် | ၈၃၈,၈၃၃.၀၇ | ၇၇၀,၁၁၅.၂၂ | ၆၈,၇၁၇.၈၅ | ၈.၉၂% |


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၂၈-၉-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | နှမ်း | US$ | ၃၆.၉၈ | ၅၄.၇၂ | - ၁၇.၇၄ | - ၃၂.၄၁% |
| | | တန်ချိန် | ၂၃,၁၈၃.၅၅ | ၄၁,၉၆၇.၉၀ | - ၁၈,၇၈၄.၃၅ | - ၄၄.၇၆% |
| ၅ | ရော်ဘာစိမ်း | US$ | ၁၀၄.၂၈ | ၁၆၀.၃၃ | - ၅၆.၀၅ | - ၃၄.၉၆% |
| | | တန်ချိန် | ၈၄,၅၁၂.၉၅ | ၁၀၆,၆၈၅.၄၈ | - ၂၂,၁၇၂.၅၃ | - ၂၀.၇၈% |
| ၆ | အခြားသီးနှံ | US$ | ၂၄၅.၅၀ | ၂၉၇.၄၀ | - ၅၁.၉၃ | - ၁၇.၄၆% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၄.၀၀ | ၁၆.၉၈ | - ၁၂.၉၇ | - ၇၆.၄၂% |
| ရေထွက်ပစ္စည်း | | US$ | ၃၀၀.၄၃ | ၃၄၂.၁၂ | - ၄၁.၆၉ | - ၁၂.၁၈% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၂)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁)ရက် မှ စက်တင်ဘာလ (၂၉) ရက်ထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၈။ လယ်ယာထွက်ပစ္စည်းတင်ပို့မှု ဒေါ်လာ (၁,၅၇၀.၂၁) သန်းတွင် ဆန်နှင့် ဆန်ကွဲမှာ တန်ဘိုး ဒေါ်လာ (၂၁၃.၅၂) သန်း၊ တန်ချိန် (၄၇၄,၉၄၇.၀၁)၊ ပဲအမျိုးမျိုးမှာ တန်ဘိုး ဒေါ်လာ (၇၁၅.၀၁) သန်း၊ တန်ချိန် (၈၆၃,၃၆၆.၅၀)၊ ပြောင်းမှာ တန်ဘိုး ဒေါ်လာ (၂၅၄.၉၂)သန်း၊ တန်ချိန် (၈၃၈,၈၃၃.၀၇)၊ ရာဘာစိမ်းမှာ တန်ဘိုး ဒေါ်လာ (၁၀၄.၂၈)သန်း၊ တန်ချိန်(၈၄,၅၁၂.၉၅) နှင့်

ဆီထွက်သီးနှံဖြစ်သော နှမ်းမှာ တန်ဘိုး ဒေါ်လာ (၃၆.၉၈)သန်း၊ တန်ချိန် (၂၃,၁၈၃.၅၅) ပါဝင်ခဲ့ပြီး အခြားသီးနှံမှာ ဒေါ်လာ (၂၄၅.၅၀) သန်း ပါဝင်သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂၊ ပုံ ၂၊ ၃)

## ဆန်နှင့် ဆန်ကွဲ

၉။ အစီရင်ခံကာလ(၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃) ရက်နေ့အထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း ဒေါ်လာ(၁,၅၇၀.၂၁) သန်းတွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ဘိုးဒေါ်လာ (၂၁၃.၅၂) သန်း၊ တန်ချိန် (၄၇၄,၉၄၇.၀၁) တင်ပို့ခဲ့ပါသည်။ (ပုံ-၄)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၄)။ (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃ ထိ) လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၁၀။ ယခုအပတ်အတွင်း (၂၃-၉-၂၀၂၃ မှ ၂၉-၉-၂၀၂၃ ထိ) **ဆန်**တင်ပို့မှုတွင် တန်ချိန်(၁၂,၈၈၆)၊ တန်ဖိုး ကန်ဒေါ်လာ (၇.၁၅) သန်းရှိပြီး၊ ပင်လယ်ရေကြောင်းမှ တန်ချိန် (၁၂,၇၁၆) အား နိုင်ငံပေါင်း (၁၄)နိုင်ငံသို့ တင်ပို့ခဲ့ပြီး မလေးရှား၊ မိုဇမ်ဘစ် ၊ ဖိလစ်ပိုင်၊ ဘူဂေးရီးယား ၊ ဟောင်ကောင်၊ ရှိမေးနီးယားနှင့် ပြင်သစ်နိုင်ငံတို့သို့ တင်ပို့မှု လျော့နည်းခဲ့ပါသည်။ နယ်စပ်မှ ဆန်တန်ချိန် (၁၇၀) အား မူဆယ်စခန်းမှ တင်ပို့ခဲ့ပါသည်။

၁၁။ **ဆန်ကွဲ**တင်ပို့မှုတွင် တန်ချိန် (၉,၉၆၆) ၊ တန်ဖိုး ကန်ဒေါ်လာ (၄.၃၃) သန်းခန့် ရှိပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တန်ချိန်(၂,၂၁၄)၊ တန်ဖိုး ကန်ဒေါ်လာ(၀.၈၈၆) သန်း ပိုမိုခဲ့ပါသည်။ ယခင်အပတ်ထက် ပင်လယ်ရေကြောင်းမှ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ နယ်သာလန်၊ အီတလီ၊ စပိန်၊ စက်ဘ်ပူနိုင်ငံနှင့် နယ်စပ်တင်ပို့မှုတွင် မူဆယ်၊ လွယ်ဂျယ်နှင့် ချင်းရွှေဟော်စခန်းတို့မှ တင်ပို့မှုပိုမိုခဲ့

ပါသည်။ ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် ကျားပျံ့ရှယ်၊ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြပေါ်ဆန်းနှင့် ပေါ်ဆန်းနယ်စုံ ဆန်အမျိုးအစားများမှာ တစ်အိတ်လျှင် ကျပ် ၁ သိန်းခန့် ပေါက်ဈေးရှိပြီး၊ ရွှေဘို ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၂၅,၀၀၀ – ၁၅၀,၀၀၀ ထိပေါက်ဈေးရှိပါသည်။

ဇယား (၃)– ပြည်တွင်းဧည့်မထဆန်(မိုး)ဈေးနှုန်းများ

တစ်တင်းခွဲ (၁၀၈ပေါင်)/ကျပ်

| စဉ် | ဈေးကွက် | ယခုအပတ် (၂၉-၉-၂၀၂၃) | ယခင်အပတ် (၂၂-၉-၂၀၂၃) | ခြားနားချက် | % |
|---|---|---|---|---|---|
| ၁ | လှိုင်ကော် | ၉၅,၀၀၀ | ၉၅,၀၀၀ | – | – |
| ၂ | ဘားအံ | ၆၈,၀၀၀ | ၆၈,၀၀၀ | – | – |
| ၃ | မြိတ် | ၇၅,၀၀၀ | ၇၅,၀၀၀ | – | – |
| ၄ | ပဲခူး | ၆၈,၀၀၀ | ၆၈,၀၀၀ | – | – |
| ၅ | ပြည် | ၆၈,၀၀၀ | ၆၈,၀၀၀ | – | – |
| ၆ | မကွေး | ၉၈,၀၀၀ | ၉၈,၀၀၀ | – | – |
| ၇ | မန္တလေး | ၁၀၀,၈၀၀ | ၁၀၀,၈၀၀ | – | – |
| ၈ | နေပြည်တော် | ၈၆,၀၀၀ | ၈၆,၀၀၀ | – | – |
| ၉ | ပျဉ်းမနား | ၈၆,၀၀၀ | ၈၆,၀၀၀ | – | – |
| ၁၀ | မော်လမြိုင် | ၆၇,၀၀၀ | ၆၅,၀၀၀ | ၂၀၀၀ | ၃% |
| ၁၁ | စစ်တွေ | ၇၅,၀၀၀ | ၇၅,၀၀၀ | – | – |
| ၁၂ | သန်လျင် | | ၇၀,၀၀၀ | | |
| ၁၃ | တောင်ကြီး | ၇၃,၀၀၀ | ၇၃,၀၀၀ | – | – |
| ၁၄ | လားရှိုး | ၇၂,၀၀၀ | ၇၂,၀၀၀ | – | – |
| ၁၅ | ကျိုင်းတုံ | ၈၉,၀၀၀ | ၈၉,၀၀၀ | – | – |
| ၁၆ | ပုသိမ် | ၇၂,၀၀၀ | ၇၂,၀၀၀ | – | – |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၁၂။ အာရှဆန်ဈေးကွက်တွင် ၂၀၂၃–၂၄ စပါးရိတ်သိမ်းရာသီအတွင်း အယ်လ်နီညိုရာသီဥတုကြောင့် ထိုင်းဆန် ထုတ်လုပ်မှုမှာ တန်ချိန်အားဖြင့် ၈၇၁,၀၀၀ တန်နှင့် ရာခိုင်နှုန်းအားဖြင့် ၃.၂၇ ရာခိုင်နှုန်း လျော့နည်း ကျဆင်းမည်ဖြစ်သဖြင့် တန်ချိန် ၂၅.၈ သန်းသာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် စီးပွားရေးဌာန၏ နောက်ဆုံးခန့်မှန်းချက်အရ သိရှိရပါသည်။ ၂၀၂၃–၂၀၂၄ သီးနှံနှစ်အတွက် ထိုင်းနိုင်ငံ၏ စပါးစိုက်ပျိုးဧရိယာစုစုပေါင်း ၆၂.၄ သန်း ရိုင်ရှိပြီး၊ ရိတ်သိမ်းဧရိယာသည် ခန့်မှန်း ၅၉.၆ သန်းရိုင် (၂၃.၈ သန်းဧက) ရှိပြီး ယခင်နှစ်ထက် ၃၁၆,၀၀၀ ရိုင်

(၁၂၆,၄၀၀ ကော)ကျဆင်းခဲ့ပြီး ထိုသို့ လျော့နည်းခဲ့ရခြင်းမှာ မိုးရွာသွန်းမှုကို နှောင့်နှေးစေသည့် ရာသီဥတု ပြောင်းလဲမှုကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ မိုးရွာသွန်းမှုလျော့နည်းခြင်းကြောင့် ရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်ကာ စိုက်ပျိုးနိုင်မှုမရှိဘဲ အချို့မှာ တစ်ကြိမ်သာ စိုက်ပျိုးနိုင်ခြင်း၊ စပါးပင်ပေါက်တွင် ဖြစ်ပွားတတ်သည့်ရောဂါများ၊ စပါးမှိုစွဲကဲ့သို့သောရောဂါနှင့် ပိုးမွှားကျရောက်မှု အန္တရာယ်များရှိလာသဖြင့် ဆန်ထုတ်လုပ်မှု ကျဆင်းသွားကြောင်း စိုက်ပျိုးရေးနှင့် စီးပွားရေးဌာန က ပြောကြားခဲ့ပါသည်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဆန်စပါးထုတ်လုပ်မှုကို သိသာစွာ ထိခိုက်စေနိုင်မည်ဟု စိုးရိမ်နေမှုများကြောင့် ထိုင်းပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်လာရခြင်း ဖြစ်ကြောင်း၊ ထို့အပြင် အိန္ဒိယမှ ဆန်တင်ပို့မှုကန့်သတ်ချက်နှင့်အတူ တရုတ်နိုင်ငံတွင် ဆန်ထုတ် လုပ်မှု လျော့နည်းကျဆင်းလာမှုများကြောင့် ထိုင်းဆန်တင်ပို့မှု တိုးမြှင့်ရန် အခွင့်အလမ်းများ ဖန်တီးပေးသကဲ့သို့ဖြစ်ကြောင်းနှင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ကမ္ဘာ့ဆန် လက်ကျန်မှာ တန်ချိန် (၁၆၇.၅၉၅) သန်း ဖြစ်ပြီး ယခင်နှစ်အလားတူကာလ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် တန်ချိန် (၁၇၂.၂၃၈) သန်း ဖြစ်ကြောင်း သိရှိရပါသည်။

**ဇယား (၄)- ပြည်ပတွင်ဖြစ်ပေါ်နေသော ဆန်တစ်တန် FOB ဈေးနှုန်းများ**

တန်/ဒေါ်လာ

| စဉ် | နိုင်ငံ | အမျိုးအစား | ယခုအပတ် (၂-၁၀-၂၀၂၃) | ယခင်အပတ် (၂၅-၉-၂၀၂၃) |
|---|---|---|---|---|
| (က) | ထိုင်း | ဆန်ဖြူ ၁၀၀ % | ၆၂၁ | ၆၅၄ |
| | | ဆန်ဖြူ ၅ % | ၆၀၈ | ၆၁၂ |
| | | ဆန်ဖြူ ၂၅ % | ၅၇၆ | ၅၈၀ |
| | | ပေါင်းဆန် ၁၀၀ % | ၆၁၀ | ၆၁၅ |
| (ခ) | ဗီယက်နမ် | ဆန်ဖြူ ၅ % | ၆၁၇ | ၆၂၂ |
| | | ဆန်ဖြူ ၂၅ % | ၆၀၂ | ၆၀၇ |
| (ဂ) | ပါကစ္စတန် | ဆန်ဖြူ ၅ % | ၆၀၂ | ၆၁၂ |
| | | ဆန်ဖြူ ၂၅ % | ၅၄၂ | ၅၄၂ |
| (ဃ) | အိန္ဒိယ | ဆန်ဖြူ ၂၅ % | - | - |
| (င) | မြန်မာ | ဆန်ဖြူ ၅ % | ၅၈၀-၅၉၀ | ၅၉၀-၆၀၀ |
| | | ဆန်ဖြူ ၁၀ % | ၅၇၀-၅၈၀ | ၅၈၀-၅၉၀ |
| | | ဆန်ဖြူ ၁၅ % | ၅၆၅-၅၇၀ | ၅၇၀-၅၈၀ |
| | | ဆန်ဖြူ ၂၅ % | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပဲအမျိုးမျိုး

၁၃။ ၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃ ရက်နေ့အထိ ပဲအမျိုးမျိုးတင်ပို့မှုမှာ တန်ဘိုး ဒေါ်လာ (၇၁၅.၀၁) သန်း၊ တန်ချိန် (၈၆၃,၃၆၆.၅၀) ရှိခဲ့ပြီး၊ မတ်ပဲ တန်ဘိုး ဒေါ်လာ(၃၃၇.၄၉၉)သန်း၊ တန်ချိန် (၃၈၁,၇၆၈.၇၅) ဖြင့် အများဆုံး၊ ပဲတီစိမ်း တန်ဘိုး ဒေါ်လာ(၁၆၁.၂၂)သန်း၊ တန်ချိန် (၂၃၉,၁၉၁.၄၀) ဖြင့် ဒုတိယအများဆုံးနှင့် ပဲစဥ်းငုံ တန်ဘိုး ဒေါ်လာ(၉၄.၅၇)သန်း၊ တန်ချိန် (၁၀၇,၄၂၄.၉၅) ဖြင့် တတိယအများဆုံး တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ ဇယား(၅)၊ ပုံ (၅၊ ၆)


ဇယား (၅)- ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဥ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ စက်တင်ဘာလ ၂၉ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၂-၂၀၂၃) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| | ပဲအမျိုးမျိုး | US$ | ၁,၄၇၀.၆၆ | ၇၁၅.၀၁ | ၆၃၂.၃၂ | ၈၂.၆၉ | ၁၃% |
| | | တန်ချိန် | ၁,၉၁၉,၁၅၆.၁၀ | ၈၆၃,၃၆၆.၅၀ | ၈၀၆,၀၈၃.၃၄ | ၅၇,၂၈၃.၁၇ | ၇% |
| ၁ | မတ်ပဲ | US$ | ၅၃၁.၈၀ | ၃၃၇.၅ | ၂၁၀.၅၆ | ၁၂၆.၉၄ | ၆၀% |
| | | တန်ချိန် | ၆၄၉,၉၄၀.၂၃ | ၃၈၁,၇၆၈.၇၆ | ၂၄၆,၈၉၄.၇၄ | ၁၃၄,၈၇၄.၀၂ | ၅၅% |
| ၂ | ပဲတီစိမ်း | US$ | ၄၈၉.၀၉ | ၁၆၁.၂၂ | ၂၅၂.၃ | - ၉၁.၀၈ | - ၃၆% |
| | | တန်ချိန် | ၆၉၁,၃၉၉.၂၉ | ၂၃၉,၁၉၁.၄ | ၃၂၈,၈၈၂.၃၉ | - ၈၉,၆၉၀.၉၉ | - ၂၇% |
| ၃ | ပဲစင်းငုံ | US$ | ၁၈၇.၃၉ | ၉၄.၅၇ | ၄၉.၄၅ | ၄၅.၁၂ | ၉၁% |
| | | တန်ချိန် | ၂၃၉,၅၃၇.၇၃ | ၁၀၇,၄၂၄.၉၅ | ၆၁,၉၈၉.၇၉ | ၄၅,၄၃၅.၁၆ | ၇၃% |
| ၄ | ကုလားပဲ | US$ | ၁၃.၁၄ | ၁.၁၉ | ၁၂.၁၉ | - ၁၁.၀၀ | - ၉၀% |
| | | တန်ချိန် | ၁၈,၆၇၆.၈၆ | ၁,၂၃၀.၈၅ | ၁၇,၄၉၃.၄၉ | - ၁၆,၂၆၂.၆၅ | - ၉၃% |
| ၅ | ပဲလွန်းဖြူ | US$ | ၄၀.၅၈ | ၁၆.၈၂ | ၁၆.၉၅ | - ၀.၁၃ | - ၁% |
| | | တန်ချိန် | ၆၄,၀၀၁.၇၉ | ၂၆,၅၅၅.၀၈ | ၂၄,၅၂၃.၂၂ | ၂,၀၃၁.၈၅ | ၈% |
| ၆ | မြေထောက်ပဲ | US$ | ၅၀.၃၁ | ၂၅.၄၉ | ၃၁.၅၂ | - ၆.၀၃ | - ၁၉% |
| | | တန်ချိန် | ၅၉,၄၂၅.၇၁ | ၂၀,၁၉၈.၅၃ | ၄၂,၆၄၁.၂၄ | - ၂၂,၄၄၂.၇၁ | - ၅၃% |
| ၇ | ထောပတ်ပဲ | US$ | ၂၇.၀၂ | ၁၈.၄၉ | ၁၉.၀၂ | - ၀.၅၃ | - ၃% |
| | | တန်ချိန် | ၃၃,၈၀၂.၉၈ | ၁၈,၁၆၁.၅၄ | ၂၄,၁၁၄.၆၇ | - ၅,၉၅၃.၁၄ | - ၂၅% |
| ၈ | ပဲယင်း | US$ | ၆၀.၇၇ | ၃၁.၅၄ | ၁၇.၃၄ | ၁၄.၂၀ | ၈၂% |
| | | တန်ချိန် | ၈,၄၆၇၂.၆၁ | ၄၀,၀၉၃.၈၉ | ၂၆,၁၉၃.၉၁ | ၁၃,၈၉၉.၉၉ | ၅၃% |
| ၉ | ပဲကြီး | US$ | ၅.၅ | ၃.၄၂ | ၄.၃၇ | - ၀.၉၅ | - ၂၂% |
| | | တန်ချိန် | ၇,၇၇၂.၉၅ | ၃,၃၆၃.၁၂ | ၆,၆၆၀.၃၆ | - ၃,၂၉၇.၂၅ | - ၅၀% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၅.၃၃ | ၄.၅၁ | ၃.၆၄ | ၀.၈၈ | ၂၄% |
| | | တန်ချိန် | ၈,၅၁၃.၈၇ | ၇,၃၅၅.၀၅ | ၅,၇၇၂.၃၇ | ၁,၅၈၂.၆၉ | ၂၇% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၅.၂၆ | ၁.၀၄ | ၆.၆၇ | - ၅.၆၃ | - ၈၄% |
| | | တန်ချိန် | ၂၀,၉၀၈.၈၅ | ၁,၅၉၂.၇၆ | ၈,၈၈၀.၄၁ | - ၇,၂၈၇.၆၆ | - ၈၂% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၂၁ | ၀.၀၁ | ၀.၀၆ | - ၀.၀၆ | - ၈၇% |
| | | တန်ချိန် | ၂၂၃.၅၁ | ၈.၇၃ | ၆၆. | - ၅၇.၂၇ | - ၈၇% |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ စက်တင်ဘာလ ၂၉ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၂-၂၀၂၃) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| ၁၃ | ပဲနီကြား | US$ | ၂.၂၈ | ၁.၇၂ | ၁.၇၇ | - ၀.၀၅ | - ၃% |
| | | တန်ချိန် | ၅,၅၂၀.၃၀ | ၃,၃၆၉.၀၁ | ၄,၅၁၂.၂၅ | - ၁,၁၄၃.၂၄ | - ၂၅% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၈၇ | ၁.၀၈ | ၀.၄၇ | ၀.၆၁ | ၁၃၀% |
| | | တန်ချိန် | ၁,၂၀၇.၄၁ | ၁,၅၄၅.၅ | ၆၁၅.၆ | ၉၂၉.၉ | ၁၅၁% |
| ၁၅ | မြေပဲဆံ | US$ | ၄၀.၁၆ | ၁၅.၅၄ | ၅.၂၉ | ၁၀.၂၅ | ၁၉၄% |
| | | တန်ချိန် | ၃၂,၀၄၆.၁၇ | ၁၀,၀၅၀.၀၆ | ၅,၆၄၂.၉၀ | ၄,၄၀၇.၁၆ | ၇၈% |
| ၁၆ | အခြားပဲ | US$ | ၀.၉၆ | ၀.၈၈ | ၀.၇၂ | ၀.၁၆ | ၂၂% |
| | | တန်ချိန် | ၁,၅၀၅.၈၃ | ၁,၄၅၇.၂၉ | ၁,၁၉၉.၉၉ | ၂၅၇.၂၉ | ၂၁% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ (၅)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ (၆)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၄။ ယခုအပတ် (၂၃-၉-၂၀၂၃ မှ ၂၉-၉-၂၀၂၃) တွင် **ပဲမျိုးစုံ**တင်ပို့မှုအနေဖြင့် တန်ချိန် (၃) သောင်းခွဲကျော်၊ တန်ဖိုး ဒေါ်လာ (၃၃) သန်းကျော် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၁) ထောင်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ (၀.၉၇၅) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ မတ်ပဲတန် ချိန် (၂) သောင်းခွဲကျော်၊ ပဲတီစိမ်းတန်ချိန် (၃)ထောင်နှင့် ပဲစဉ်းငုံ (၆၃၁) တန် တင်ပို့ခဲ့ပြီး နယ်စပ်မှ ပဲမျိုးစုံတန်ချိန်(၂၅၀၀) ကျော် တင်ပို့နိုင်ခဲ့ပါသည်။

၁၅။ ပြည်တွင်းပဲမျိုးစုံဈေးကွက်၌ ရန်ကုန်ဈေးကွက်တွင် မတ်ပဲ(FAQ/RC) တစ်တန်လျှင် (၂,၅၁၇,၅၀၀) ကျပ်ပေါက်ဈေးရှိပြီး တစ်တန်လျှင် (၁၁၆,၅၀၀) ခန့်၊ မန္တလေးဈေးကွက်တွင် မတ်ပဲ ၆၀ ပိဿာဝင်တစ်အိတ်လျှင် (၂၄၂,၀၀၀) ကျပ်ပေါက်ဈေးရှိကာ တစ်အိတ်လျှင်

(၃,၀၀၀) ကျပ်နှင့် နယ်ဈေးကွက်များတွင် မတ်ပဲတစ်တင်း (၂၀ ပိဿာ)လျှင် ၈၁,၆၀၀ ကျပ် ပေါက်ဈေးရှိပြီး၊ တစ်အိတ်လျှင် ၃၆၀၀ ကျပ် အသီးသီး ဈေးကျဆင်းသွားကြောင်း သိရှိရပါသည်။ ပဲစဉ်းငုံနီ(RED/RC) မှာ ရန်ကုန်ဈေးကွက်တွင် တစ်တန်လျှင် (၄,၀၇၅,၀၀၀) ကျပ် ပေါက်ဈေးရှိပြီး မန္တလေးဈေးကွက်တွင် ဈေးဖွင့်ထားခြင်းမရှိကြောင်းနှင့် ပဲစဉ်းငုံနီကို အိန္ဒိယသို့ အဓိကတင်ပို့နေပြီး ဝယ်လိုအားပေါ်မူတည်၍ ဈေးအတက်/အကျ ဖြစ်ကြောင်း သိရှိရပါသည်။

ဇယား (၆)– ပဲမျိုးစုံပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၁,၂၄၈,၇၀၀ | ၁,၇၆၉,၄၀၀ | ၁,၆၇၀,၀၀၀ | ၁,၉၅၀,၇၀၀ | ၁,၂၀၂,၅၀၀ | ၁,၉၇၄,၀၀၀ | ၁,၀၆၀,၀၀၀ | ၂,၀၉၁,၃၀၀ |
| ဖေဖော်ဝါရီ | ၁,၂၆၈,၃၀၀ | ၁,၉၅၀,၇၀၀ | ၁,၄၆၀,၅၀၀ | ၂,၃၉၇,၅၀၀ | ၁,၁၁၀,၀၀၀ | ၂,၁၂၆,၅၀၀ | ၁,၄၁၀,၀၀၀ | ၂,၀၄၂,၃၀၀ |
| မတ် | ၁,၄၆၀,၀၀၀ | ၂,၀၆၄,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၀,၀၀၀ | ၂,၃၁၅,၀၀၀ | ၁,၅၅၁,၄၀၀ | ၂,၂၄၇,၅၀၀ |
| ဧပြီ | ၁,၄၂၇,၃၀၀ | ၂,၁၁၈,၉၀၀ | ၁,၅၈၃,၀၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၅,၀၀၀ | ၂,၃၇၀,၀၀၀ | ၁,၄၈၁,၉၀၀ | ၂,၃၄၈,၅၀၀ |
| မေ | ၁,၄၆၉,၇၀၀ | ၂,၃၁၇,၉၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၅၈,၇၅၀ | ၂,၇၃၀,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၅၅၃,၇၀၀ |
| ဇွန် | ၁,၅၈၃,၀၀၀ | ၂,၃၇၉,၁၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၃၀,၀၀၀ | ၃,၀၅၀,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၇၀၆,၈၀၀ |
| ဇူလိုင် | ၁,၆၂၂,၀၀၀ | ၂,၃၂၄,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၂၄၄,၄၀၀ | ၁,၄၄၇,၅၀၀ | ၃,၀၀၀,၀၀၀ | ၁,၆၅၄,၁၀၀ | ၂,၇၅၅,၈၀၀ |
| ဩဂုတ် | ၁,၈၉၀,၀၀၀ | ၂,၄၃၄,၃၀၀ | ၁,၇၃၆,၁၀၀ | ၂,၁၄၃,၄၀၀ | ၁,၉၄၀,၀၀၀ | ၃,၅၀၀,၀၀၀ | ၂,၂၂၃,၄၀၀ | ၂,၉၀၈,၉၀၀ |
| စက်တင်ဘာ | ၂,၀၃၆,၂၀၀ | ၂,၅၄၇,၅၀၀ | ၂,၁၃၄,၃၀၀ | ၂,၂၂၂,၉၀၀ | ၂,၁၃၀,၀၀၀ | ၄,၀၇၅,၀၀၀ | ၂,၁၄၃,၄၀၀ | ၂,၈၉၀,၅၀၀ |
| အောက်တိုဘာ | ၁,၈၁၂,၇၀၀ | | ၁,၉၉၀,၃၀၀ | | ၁,၉၄၀,၀၀၀ | | ၂,၀၉၁,၃၀၀ | |
| နိုဝင်ဘာ | ၁,၈၃၁,၂၀၀ | | ၁,၈၃၉,၂၀၀ | | ၁,၇၉၀,၀၀၀ | | ၂,၀၀၀,၀၀၀ | |
| ဒီဇင်ဘာ | ၁,၇၉၉,၀၀၀ | | ၁,၈၀၆,၂၀၀ | | ၁,၆၄၀,၀၀၀ | | ၂,၁၆၁,၃၀၀ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၇)- ပဲမျိုးစုံ FOB ပြည်တွင်းဈေးနှုန်းများ

ဒေါ်လာ/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၉၆၉ | ၇၉၀ | ၉၂၂ | ၈၉၀ | ၆၀၄ | ၈၈၀ | ၆၀၀ | ၈၂၅ |
| ဖေဖော်ဝါရီ | ၇၄၀ | ၈၇၅ | ၉၇၀ | ၁,၁၀၀ | ၆၅၅ | ၈၉၀ | ၈၂၅ | ၈၇၅ |
| မတ် | ၇၆၅ | ၉၁၅ | ၉၁၀ | ၁,၀၄၀ | ၇၄၅ | ၁,၀၁၅ | ၇၀၀ | ၉၀၀ |
| ဧပြီ | ၈၂၀ | ၉၅၀ | ၉၅၀ | ၁,၀၅၀ | ၇၇၀ | ၁,၀၅၀ | ၈၆၁ | ၉၂၅ |
| မေ | ၈၇၅ | ၉၄၀ | ၉၇၀ | ၁၄၀ | ၇၄၀ | ၁,၀၈၀ | ၇၅၀ | ၉၅၀ |
| ဇွန် | ၉၀၅ | ၁,၀၀၀ | ၉၄၀ | ၁,၀၂၀ | ၇၆၀ | ၁,၂၆၀ | ၇၅၀ | ၁,၀၅၀ |
| ဇူလိုင် | ၉၂၅ | ၈၉၀ | ၉၇၅ | ၉၄၀ | ၈၂၀ | ၁,၁၆၀ | ၇၅၀ | ၁,၀၅၀ |
| သြဂုတ် | ၉၄၅ | ၉၈၀ | ၈၉၅ | ၉၃၀ | ၁,၀၀၀ | ၁,၂၂၀ | ၈၂၅ | ၁,၁၀၀ |
| စက်တင်ဘာ | ၈၆၀ | ၁,၀၃၀ | ၉၄၅ | ၉၀၀ | ၈၉၅ | ၁,၆၅၀ | ၇၇၅ | ၁,၁၀၀ |
| အောက်တိုဘာ | ၈၂၅ | | ၈၇၅ | | ၈၅၅ | | ၇၅၀ | |
| နိုဝင်ဘာ | ၈၁၅ | | ၈၂၅ | | ၈၁၀ | | ၇၂၅ | |
| ဒီဇင်ဘာ | ၈၀၅ | | ၈၇၀ | | ၇၅၀ | | ၇၀၀ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၈)- နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံ တရုတ်နယ်စပ်မျက်နှာစာဈေး

ဒေါ်လာ/တန်

| စဉ် | ပဲအမျိုးအစား | နှစ်အလိုက်ပျမ်းမျှဈေး | | | | | | လက်ရှိဈေး |
|---|---|---|---|---|---|---|---|---|
| | | ၂၀၂၀ | | ၂၀၂၁ | | ၂၀၂၂ | | ၁-၁၀-၂၀၂၃ |
| | | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | |
| ၁ | မတ်ပဲ | - | - | - | - | - | - | ၈၇၇ |
| ၂ | ပဲတီစိမ်း | ၈၁၇ | ၁,၀၂၈ | ၆၉၃ | ၇၉၈ | ၆၅၀ | ၇၀၀ | ၈၀၉ |
| ၃ | ပဲပုတ် | ၄၇၆ | ၅၁၃ | ၄၈၃ | ၅၃၀ | ၄၈၅ | ၅၀၀ | ၈၉၁ |
| ၄ | ပဲလွန်းဖြူ | ၆၀၉ | ၆၆၀ | ၆၂၂ | ၄၆၀ | ၄၆၀ | ၆၂၈ | ၆၄၄ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပြောင်း

၁၆။ (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃ ထိ) ပြည်ပပို့ကုန်တင်ပို့မှုတွင် **ပြောင်း** တန်ဘိုးဒေါ်လာ (၂၅၄.၉၂) သန်း၊ တန်ချိန် (၈၃၈,၈၃၃.၀၇) ပါဝင်ခဲ့သည်ကိုတွေ့ရပြီး ယခုအပတ်အတွင်း ပြောင်းတင်ပို့မှုမှာ တန်ချိန် (၂)ထောင်ကျော်၊ တန်ဖိုး ဒေါ်လာ (၀.၆၀၇) သန်းရှိခဲ့ပြီး ယခင်

အပတ်ထက် တန်ချိန် (၆)ထောင်ကျော်၊ တန်ဖိုး ဒေါ်လာ (၁.၇၄၅) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ခဲ့ပြီး နယ်စပ် မူဆယ်၊ လွယ်ဂျယ်နှင့် ချင်းရွှေဟော် စခန်းတို့မှတင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် ပြည်တွင်းပြောင်းဈေးကွက်အနေဖြင့် ရန်ကုန်ဈေးကွက်တွင် ပြောင်းဆံတစ်ပိဿာလျှင် ကျပ် ၁,၀၈၀-၁,၁၀၀၊ မန္တလေးဈေးကွက်တွင် ပြောင်းဆံတစ်ပိဿာလျှင် ကျပ် ၉၆၃ ကျပ် ပေါက်ဈေးရှိပြီး ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၅၀,၀၀၀-၅၂,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်လျှင် ၁၀,၀၀၀ကျပ် ဈေးကျဆင်းသွားကြောင်း၊ ဈေးကွက်ထဲသို့ ရှမ်းပြည်နယ်နှင့် အညာဒေသထွက် ပြောင်းအသစ်များဝင်ရောက်လာသည့်အပြင် ထိုင်းဘက်သို့ အခွန်ကင်းလွတ်ခွင့်ကာလ တင်ပို့ခွင့်သက်တမ်း ကုန်သွားသည့်အတွက် ဈေးများကျဆင်းလာခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

ဇယား (၉)- ပြည်တွင်းပြောင်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၂၉-၉-၂၀၂၃) | ယခင်အပတ် (၂၂-၉-၂၀၂၃) |
|---|---|---|---|
| ၁ | ရန်ကုန် | ၆၇၃,၆၀၀ | ၇၁၆,၅၀၀ |
| ၂ | မန္တလေး | ၅၆၅,၈၀၀ | ၆၀၉,၉၀၀ |
| ၃ | ရှမ်း(တောင်) | ၆၄၃,၀၀၀ | ၆၄၃,၀၀၀ |
| ၄ | ရှမ်း (မြောက်) | ၆၃၆,၈၀၀ | ၆၃၆,၈၀၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၀)- နိုင်ငံအလိုက်ပြောင်းဈေးနှုန်းများ

**တန်ဘိုး- USD**

| စဉ် | နိုင်ငံ | ယခုအပတ် (၂၉-၉-၂၀၂၃) | ယခင်အပတ် (၂၂-၉-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | အိန္ဒိယ | ၂၆၅ | ၂၇၁ | - ၆ | - ၂.၁၉% |
| ၂ | တရုတ် | ၃၈၅ | ၃၈၉ | - ၄ | - ၁.၀၃% |
| ၃ | ပါကစ္စတန် | ၁၈၉ | ၁၅၈ | ၃၁ | ၁၉.၃၅% |
| ၄ | ဘရာဇီး | ၁၉၁ | ၁၈၅ | ၆ | ၂.၉၇% |
| ၅ | မြန်မာ | ၂၈၅ | ၃၀၀ | - ၁၅ | - ၅.၀၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရာဘာစိမ်း

၁၇။ (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃ ထိ) ရာဘာစိမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ဘိုး ဒေါ်လာ (၁၀၄.၂၈) သန်း၊ တန်ချိန် (၈၄,၅၁၂.၉၅) တင်ပို့ခဲ့ပါသည်။ ယခုအပတ်အတွင်း တင်ပို့မှုအနေဖြင့် တန်ချိန် (၁,၅၅၁)၊ တန်ဖိုး ဒေါ်လာ (၁.၉၆) သန်းရှိခဲ့သဖြင့် ယခင်အပတ်ထက် တန်ချိန် (၃၂၃)၊ တန်ဖိုး ဒေါ်လာ (၀.၃၄၆) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး၊ နယ်စပ်တွင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်စခန်းတို့မှ တင်ပို့ခဲ့ပါသည်။

ဇယား (၁၁)- ပြည်တွင်း ရာဘာဈေးနှုန်းများ

ကျပ်သိန်း/တန်

| စဉ် | လ | RSS-၃ (မော်လမြိုင်) | | RSS-၅ (မော်လမြိုင်) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၂၂.၆၉ | ၂၈.၄၃ | ၂၀.၄၉ | ၂၆.၂၂ |
| ၂ | ဖေဖော်ဝါရီ | ၂၄.၈၇ | ၂၉.၅၁ | ၂၂.၆၇ | ၂၇.၃၁ |
| ၃ | မတ် | ၂၆.၇၂ | ၂၉.၃၁ | ၂၄.၅၁ | ၂၇.၁ |
| ၄ | ဧပြီ | ၂၆.၈၁ | ၂၉.၀၉ | ၂၄.၅၇ | ၂၆.၈၈ |
| ၅ | မေ | ၂၃.၁၁ | ၃၀.၃၀ | ၂၀.၉၁ | ၂၈.၁၀ |
| ၆ | ဇွန် | ၂၅.၇၆ | ၃၁.၀၈ | ၂၃.၅၅ | ၂၈.၈၈ |
| ၇ | ဇူလိုင် | ၂၅.၆၉ | ၃၃.၆ | ၂၃.၄၈ | ၃၁.၃၉ |
| ၈ | ဩဂုတ် | ၃၀.၀၈ | ၃၅.၈၉ | ၂၇.၆၄ | ၃၃.၆၉ |
| ၉ | စက်တင်ဘာ | ၃၁.၆၂ | ၃၇.၄၃ | ၂၉.၄၁ | ၃၅.၂၂ |
| ၁၀ | အောက်တိုဘာ | ၃၂.၀၆ | | ၂၉.၈၆ | |
| ၁၁ | နိုဝင်ဘာ | ၂၆.၄၄ | | ၂၄.၉၇ | |
| ၁၂ | ဒီဇင်ဘာ | ၂၅.၈၉ | | ၂၃.၆၉ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၂)- ပြည်ပရာဘာဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လ | RSS-၃ (ထိုင်း) | | RSS-၅ (ထိုင်း) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၁,၉၅၆ | ၁,၇၂၁ | ၁,၉၉၃ | ၁,၇၃၉ |
| ၂ | ဖေဖော်ဝါရီ | ၂,၀၁၆ | ၁,၇၃၅ | ၁,၉၉၃ | ၁,၇၁၃ |
| ၃ | မတ် | ၂,၂၃၁ | ၁,၇၂၅ | ၂,၂၀၈ | ၁,၇၀၄ |
| ၄ | ဧပြီ | ၂,၃၃၈ | ၁,၇၄၇ | ၂,၃၂၃ | ၁,၇၂၄ |
| ၅ | မေ | ၂,၁၈၆ | ၁,၇၆၉ | ၂,၀၅၂ | ၁,၇၄၇ |
| ၆ | ဇွန် | ၂,၁၁၃ | ၁,၆၉၆ | ၂,၀၉၁ | ၁,၆၇၅ |
| ၇ | ဇူလိုင် | ၁,၈၈၂ | ၁,၆၄၀ | ၁,၈၆၁ | ၁,၆၁၃ |
| ၈ | ဩဂုတ် | ၁,၇၁၅ | ၁,၅၅၀ | ၁,၆၉၄ | ၁,၅၂၉ |
| ၉ | စက်တင်ဘာ | ၁,၅၇၈ | ၁,၅၉၀ | ၁,၅၅၇ | ၁,၅၆၉ |
| ၁၀ | အောက်တိုဘာ | ၁,၆၂၆ | | ၁,၆၀၆ | |
| ၁၁ | နိုဝင်ဘာ | ၁,၅၅၄ | | ၁,၅၃၃ | |
| ၁၂ | ဒီဇင်ဘာ | ၁,၆၂၉ | | ၁,၆၀၂ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## နှမ်း

၁၈။ (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃ ထိ) တွင် ပြည်ပသို့ ဆီထွက်သီးနှံ နှမ်းတင်ပို့မှုအနေဖြင့် တန်ဘိုး ဒေါ်လာ (၃၆.၉၈)သန်း၊ တန်ချိန် (၂၃,၁၈၃.၅၅) သန်း တင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် နှမ်းတင်ပို့မှုအနေဖြင့် (၁,၁၄၉) တန်၊ တန်ဖိုးဒေါ်လာ(၂.၀၂၅) သန်းရှိပြီး၊ ပင်လယ်ရေကြောင်းမှ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး၊ နယ်စပ်တွင် မူဆယ်နှင့် ချင်းရွှေဟော်စခန်းတို့မှ တန်ချိန် (၂၆၆) တန် တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

ဇယား (၁၃)- ပြည်တွင်းနှမ်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၂၉-၉-၂၀၂၃) | ယခင်အပတ် (၂၂-၉-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | ကျပ်/တန် | % |
| ၁ | **နှမ်းနက်** | | | | |
| | မန္တလေး | ၄,၅၅၈,၆၀၀ | ၄,၆၉၀,၀၀၀ | - ၁၃၁,၄၀၀ | - ၂.၈၈ |
| | မကွေး | ၄,၆၉၇,၀၀၀ | ၄,၅၇၀,၀၀၀ | ၁၂၇,၀၀၀ | ၂.၇၀ |
| ၂ | **နှမ်းဖြူ** | | | | |
| | မန္တလေး | ၄,၉၂၆,၁၀၀ | ၅,၃၇၀,၀၀၀ | - ၄၄၃,၉၀၀ | - ၉.၀၁ |
| | မကွေး | ၄,၈၁၆,၄၀၀ | ၅,၁၀၀,၀၀၀ | - ၂၈၃,၆၀၀ | - ၅.၈၉ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၄)- နိုင်ငံအလိုက်နှမ်းဈေးနှုန်းများ

USD/ တန်

| စဉ် | နိုင်ငံ | ယခုအပတ် (၂၉-၉-၂၀၂၃) | ယခင်အပတ် (၂၂-၉-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | **နှမ်းနက်** | | | | |
| | အိန္ဒိယ | ၁,၉၄၄ | ၁,၉၈၀ | - ၃၅ | - ၁.၇၉ |
| | တရုတ် | ၁,၆၄၅ | ၁,၆၆၂ | - ၁၇ | - ၁.၀၂ |
| | မြန်မာ | ၁,၈၀၅ | ၁,၈၃၀ | - ၂၅ | - ၁.၃၇ |
| ၂ | **နှမ်းဖြူ** | | | | |
| | အိန္ဒိယ | ၁,၈၆၆ | ၁,၉၉၇ | - ၁၃၁ | - ၆.၅၆ |
| | တရုတ် | ၁,၅၇၆ | ၁,၅၉၃ | - ၁၇ | - ၁.၀၇ |
| | မြန်မာ | ၁,၉၄၀ | ၁,၉၆၅ | - ၂၅ | - ၁.၂၇ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

၁၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချ

မှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၂၅,၃၄၁.၇၁) ၊ တန်ဖိုး ဒေါ်လာ (၂၉.၆၅) သန်း၊ ပုဇွန်မှာ တန်ချိန် (၁,၀၀၆.၈၂)၊ တန်ဖိုး ဒေါ်လာ (၃.၆၉) သန်းနှင့် အခြား ရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၂,၀၈၄.၁၃)၊ တန်ဖိုးဒေါ်လာ (၂၆.၆၄) သန်း ရရှိခဲ့သည်ကို သိရှိရပါသည်။

၂၀။ ယခင်နှစ်အလားတူကာလ ၂၀၂၂-၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန်အားဖြင့် (၈,၇၄၇.၂၁) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၇.၄၇) သန်း၊ ပုဇွန်မှာ တန်ချိန် (၇၃၇.၉၅)၊ တန်ဖိုးဒေါ်လာ (၂.၃၇) သန်းနှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၈၄၀.၇၃)၊ တန်ဖိုး ဒေါ်လာ (၅.၄၇) သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း ဖော်ပြပါဇယားအရ သိရှိရပါသည်။ ဇယား (၁၅)

ဇယား (၁၅) - ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၁၂,၁၀၄.၅၁** | **၁၅.၆၀** | **၉၄၆.၇၄** | **၃.၃၁** | **၅,၈၂၁.၂၁** | **၁၃.၈၄** | **၁၈,၈၇၂.၄၆** | **၃၂.၇၅** |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၁၂,၁၀၄.၅၁ | ၁၅.၆၀ | ၉၄၆.၇၄ | ၃.၃၁ | ၅,၈၂၁.၂၁ | ၁၃.၈၄ | **၁၈,၈၇၂.၄၆** | **၃၂.၇၅** |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၁၃,၂၃၇.၂၀** | **၁၄.၀၅** | **၆၀.၀၈** | **၀.၃၉** | **၆,၂၆၂.၉၂** | **၁၂.၇၉** | **၁၉,၅၆၀.၂** | **၂၇.၂၃** |
| | (က) မြဝတီ | ၂၂.၂၂ | ၀.၀၂ | ၀.၁၆ | ၀.၀၁ | ၁၁၈.၆၇ | ၀.၂၂ | **၁၄၁.၀၅** | **၀.၂၅** |
| | (ခ) ကော့သောင်း | ၁၁,၄၈၁.၃၇ | ၁၁.၇၅ | ၄၇.၁၄ | ၀.၂၆ | ၄၁၉.၉၇ | ၁.၀၃ | **၁၁,၉၄၈.၄၈** | **၁၃.၀၄** |
| | (ဂ) စစ်တွေ | ၂၁၇.၆၈ | ၀.၂၈ | ၀ | ၀. | ၀ | ၀. | **၂၁၇.၆၈** | **၀.၂၈** |
| | (ဃ) မြိတ် | ၀. | ၀. | ၀. | ၀. | ၁,၁၄၅.၀၀ | ၁.၀၃ | **၁,၁၄၅.၀၀** | **၁.၀၃** |
| | (င) မူဆယ် | ၁၈၉.၉၅ | ၀.၄၈ | ၁၂.၇၈ | ၀.၁၃ | ၃,၈၉၆.၉၉ | ၉.၂၅ | **၄,၀၉၉.၇၂** | **၉.၈၆** |
| | (စ) မောင်တော | ၈၁၅.၈၈ | ၁.၀၄ | ၀ | ၀ | ၇၄.၅၀ | ၀.၀၆ | **၈၉၀.၃၈** | **၁.၁၀** |
| | (ဆ) မောတောင် | ၅၁၀.၁ | ၀.၄၈ | ၀. | ၀. | ၆၀၇.၇၉ | ၁.၁၉ | **၁,၁၁၇.၈၉** | **၁.၆၇** |
| | (ဇ)ကျိုင်းလတ် | ၀. | ၀. | ၀. | ၀. | ၀.၀၀ | ၀. | **၀.** | **၀.** |
| **၂၀၂၃-၂၀၂၄ ခုနှစ် စက်တင်ဘာလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း** | | ၂၅,၃၄၁.၇၁ | ၂၉.၆၅ | ၁,၀၀၆.၈၂ | ၃.၆၉ | ၁၂,၀၈၄.၁၃ | ၂၆.၆၄ | ၃၈,၄၃၂.၆၆ | ၅၉.၉၈ |
| **၂၀၂၂-၂၀၂၃ ခုနှစ် စက်တင်ဘာလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း** | | ၃၄,၀၈၈.၉၂ | ၃၇.၁၂ | ၁,၇၄၄.၇၇ | ၆.၀၆ | ၁၂,၉၂၄.၈၆ | ၃၂.၁၁ | ၄၈,၇၅၈.၅၅ | ၇၅.၂၉ |
| **ခြားနားချက်** | | - ၈,၇၄၇.၂၁ | - ၇.၄၇ | - ၇၃၇.၉၅ | - ၂.၃၇ | - ၈၄၀.၇၃ | - ၅.၄၇ | - ၁၀,၃၂၅.၈၉ | - ၁၅.၃၁ |

ရင်းမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၅) နှစ်တာကာလအတွင်း ပြည်ပမှ သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၁။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၈,၆၈၁.၈၄) သန်းရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ (၁၇,၃၅၂.၇၂) သန်းရှိခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၁,၃၂၉.၁၂) သန်း (၇%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(နောက်ဆက်တွဲဇယား-ဂ)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ စက်တင်ဘာလ (၂၉) ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ

၂၂။ အစီရင်ခံကာလအတွင်း သွင်းကုန်စုစုပေါင်း အမေရိကန် ဒေါ်လာ (၈,၄၀၁.၈၈) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၁,၇၄၆.၂၉) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၄,၀၇၇.၆၇) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၁,၃၆၆.၂၇) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၁,၂၁၁.၆၅) သန်းပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-ဂ)

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၃။ (၁-၄-၂၀၂၃) မှ (၂၉-၉-၂၀၂၃) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၂၉၄,၄၅၇) ၊ တန်ဖိုးဒေါ်လာ (၂၉၄.၅၈) သန်း၊ **ဓာတ်မြေဩဇာ** တန်ချိန် (၁,၀၂၉,၅၁၉) ၊ တန်ဖိုး ဒေါ်လာ (၄၀၀.၄၄) သန်း၊ **ဂျုံစေ့** တန်ချိန် (၁၈၆,၃၅၅) ၊ တန်ဖိုး ဒေါ်လာ (၇၈.၂၆) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၁,၀၄၇) ၊ တန်ဖိုး ဒေါ်လာ (၀.၆၇) သန်း ပါရှိခဲ့ပါသည်။ (ဇယား - ၁၆၊ ပုံ-၇၊ ၈)

၂၄။ အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၁၀,၂၅၉) ၊ တန်ဖိုးဒေါ်လာ (၁၄.၄၈) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၁၀,၆၄၂)၊ တန်ဖိုးဒေါ်လာ (၁၅.၈၃) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၄,၉၉၄)၊ တန်ဖိုးဒေါ်လာ (၁၄.၉၇)သန်းစီ ပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၆)


၂၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ စက်တင်ဘာလ (၂၉) ရက်ထိ **မြေဩဇာတင်သွင်းမှု**တွင် စုစုပေါင်း တန်ချိန် (၁,၀၀၈,၉၈၂) တင်သွင်းခဲ့ပါသည်။ အဆိုပါ တင်သွင်းမှုတွင် နိုင်ထရိုဂျင် (၆၃၆,၅၇၈) တန်၊ ဖော့စဖိတ် (၃၅,၅၆၀) တန်၊ ပိုတက်စီယမ် (၃၄,၆၀၄) တန်၊ ကွန်ပေါင်း (၂၉၀,၃၄၉)တန်၊ ဖော်လာ (၉၄၀) တန်၊ အော်ဂဲနစ်(၁,၆၇၂) တန်၊ ဂျစ်ပဆန်(၁,၃၄၈) တန်နှင့် အခြားမြေဩဇာ စုစုပေါင်း (၇,၉၃၁) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲ ဇယား-ဃ)

## ဇယား (၁၆) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက်မှ စက်တင်ဘာလ (၂၉) ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၃-၂၀၂၄ ယခုနှစ် | ၂၀၂၂-၂၀၂၃ ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | US$ | ၃,၅၃၈.၈၀ | ၃,၁၇၀.၂၉ | ၃၆၈.၅၁ | ၁၂% |
| ၁ | ဒီဇယ် | US$ | ၁,၄၃၃.၁၂ | ၁,၃၀၉.၄၁ | ၁၂၃.၇၁ | ၉% |
| | | တန် | ၁,၆၇၅,၀၆၆ | ၁,၁၂၄,၂၅၂ | ၅၅၀,၈၁၃ | ၄၉% |
| ၂ | ဓါတ်ဆီ | US$ | ၈၉၁.၀၂ | ၉၁၄.၁၄ | - ၂၃.၁၂ | - ၃% |
| | | တန် | ၉၁၆,၃၁၁ | ၇၅၈,၁၉၈ | ၁၅၈,၁၁၃ | ၂၁% |
| ၃ | စားအုန်းဆီ | US$ | ၂၉၄.၅၈ | ၃၃၂.၈၅ | - ၃၈.၂၇ | - ၁၁% |
| | | တန် | ၂၉၄,၄၅၇ | ၂၂၉,၂၆၄ | ၆၅,၁၉၃ | ၂၈% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | **US$** | ၁၉၁.၈၉ | ၉၉.၆၁ | **၉၂.၂၈** | **၉၃%** |
| | | စီး | ၅၈၅၅ | ၁,၇၂၃ | **၄,၁၃၂** | **၂၄၀%** |
| | လူစီးယာဉ် | US$ | ၂၈.၅၅ | ၂.၉၃ | ၂၅.၆၂ | ၈၇၆% |
| | | စီး | ၁,၂၆၂ | ၁၁၈ | ၁,၁၄၄ | ၉၆၉% |
| | ဘတ်စ် | US$ | ၀.၈၃ | ၁.၈၄ | - ၁.၀၁ | - ၅၅% |
| | | စီး | ၄၄ | ၁၁၃ | - ၆၉.၀၀ | - ၆၁% |
| | ထရပ် | US$ | ၁၂.၀၈ | ၆.၁၉ | ၅.၈၉ | ၉၅% |
| | | စီး | ၇၉၃ | ၄၉၇ | ၂၉၆.၀၀ | ၆၀% |
| | ယန္တယား | US$ | ၁၁၄.၈၈ | ၅၅.၇၁ | ၅၉.၁၇ | ၁၀၆% |
| | | စီး | ၃,၇၅၆ | ၉၉၅ | ၂,၇၆၁ | ၂၇၇% |
| | ယာဉ်အပိုပစ္စည်း | US$ | ၃၅.၅၅ | ၃၂.၉၄ | ၂.၆၁ | ၈% |
| ၅ | ဘိလပ်မြေ | US$ | ၁၁.၆၇ | ၁၈.၀၄ | - ၆.၃၇ | - ၃၅% |
| | | တန် | ၁၃၇,၄၇၈ | ၂၁၀,၅၈၆ | - ၇၃,၁၀၈ | - ၃၅% |
| ၆ | ဓာတ်မြေဩဇာ | US$ | ၄၀၀.၄၄ | ၃၂၂.၈၇ | ၇၇.၅၇ | ၂၄% |
| | | တန် | ၁,၀၂၉,၅၁၉ | ၅၆၂,၇၀၇ | ၄၆၆,၈၁၂ | ၈၃% |
| ၇ | ဂျုံစေ့ | US$ | ၇၈.၂၆ | ၃၂.၅၂ | ၄၅.၇၄ | ၁၄၁% |
| | | တန် | ၁၈၆,၃၅၅ | ၇၂,၇၄၉ | ၁၁၃,၆၀၆ | ၁၅၆% |
| ၈ | ဂျုံမှုန့် | US$ | ၀.၆၇ | ၃.၀၁ | - ၂.၃၄ | - ၇၈% |
| | | တန် | ၁,၀၄၇ | ၈,၉၁၆ | - ၇,၈၆၉ | - ၈၈% |
| ၉ | နို့ဆီ | US$ | ၁၄.၄၈ | ၁၂.၀၈ | ၂.၄၀ | ၂၀% |
| | | တန် | ၁,၀၂၅၉ | ၈,၈၆၆ | ၁,၃၉၃ | ၁၆% |
| ၁၀ | နို့စိမ်း | US$ | ၁၅.၈၃ | ၁၆.၀၁ | - ၀.၁၉ | - ၁% |
| | | တန် | ၁၀,၆၄၂ | ၁၁,၂၈၇ | - ၆၄၅.၀၀ | - ၆% |
| ၁၁ | နို့မှုန့် | US$ | ၁၄.၉၇ | ၁၀.၁၅ | ၄.၈၂ | ၄၈% |
| | | တန် | ၄,၉၉၄ | ၃,၄၇၀ | ၁,၅၂၄ | ၄၄% |

ရင်းမြစ် – Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၇)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၈)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၆။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၁-၄-၂၀၂၃) မှ (၂၉-၉-၂၀၂၃)ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၈,၄၀၁.၈၈) သန်း ရှိခဲ့ပြီး ယခင်နှစ်အလားတူ ကာလတွင် ဒေါ်လာ (၈,၄၃၈.၅၉)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၃၆.၇၁) (၀.၄%) လျော့နည်းတင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

၂၇။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၄,၀၇၇.၆၇) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၁,၇၄၆.၂၉) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၄,၀၀၂.၀၃) ဖြင့် အများဆုံး၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၁,၅၂၇.၀၄)သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

## ဇယား (၁၇)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန် အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၂၉-၉-၂၀၂၂)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း | ၃၀၆.၇ | ၁,၄၃၉.၆၄ | ၁,၇၄၆.၂၉ | ၂၀၄.၆၆ | ၁,၃၁၁.၂၆ | ၁,၅၁၅.၉၂ | ၁၀၁.၉၉ | ၁၂၈.၃၈ | ၂၃၀.၃၇ | ၁၅% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၈၃.၄၉ | ၃,၉၉၄.၁၈ | ၄,၀၇၇.၆၇ | ၆၂.၁၅ | ၃,၉၃၉.၈၈ | ၄,၀၀၂.၀၃ | ၂၁.၃၄ | ၅၄.၃ | ၇၅.၆၄ | ၂% |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၀.၇၁ | ၁,၃၄၅.၅၅ | ၁,၃၆၆.၂၇ | ၉၉.၃၉ | ၁,၄၂၇.၆၄ | ၁,၅၂၇.၀၄ | - ၇၈.၆၈ | - ၈၂.၀၉ | - ၁၆၀.၇၇ | - ၁၁% |
| ၄ | CMP | ၀ | ၁,၂၁၁.၆၅ | ၁,၂၁၁.၆၅ | ၀ | ၁၃,၉၃၆.၆၁ | ၁,၃၉၃.၆၁ | ၀ | - ၁၈၁.၉၆ | - ၁၈၁.၉၆ | - ၁၃% |
| | စုစုပေါင်း | ၄၁၀.၈၅ | ၇,၉၉၁.၀၃ | ၈,၄၀၁.၈၈ | ၃၆၆.၂၀ | ၈,၀၇၂.၃၉ | ၈,၄၃၈.၅၉ | ၄၄.၆၅ | - ၈၁.၃၆ | - ၃၆.၇၁ | - ၀.၄% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၈။ လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၆၅,၁၉၃) ပိုမိုတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၃၈.၂၇)သန်း လျော့နည်းခဲ့သည်။ **ဓာတ်မြေဩဇာ**မှာ တန်ချိန်အားဖြင့် (၄၆၆,၈၁၂)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၇၇.၅၇) သန်းနှင့် **ဂျုံစေ့**မှာ တန်ချိန် (၁၁၃,၆၀၆)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၅.၇၄) သန်းစီ ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရပြီး၊ အခြားကုန်စည်ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၇,၈၆၉) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၂.၃၄) သန်း လျော့နည်းတင်သွင်းခဲ့သည်။ (ဇယား -၁၆)

## သုံးသပ်ချက်

၂၉။ (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃) ထိ ပို့ကုန်တင်ပို့မှု စုစုပေါင်း ဒေါ်လာ (၇,၅၈၄.၁၇) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၁,၅၇၀.၂၁) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၄.၀၁) သန်း၊ ရေထွက် ဒေါ်လာ(၃၀၀.၄၃) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၅၂.၁၄)သန်း၊ သစ်တောထွက် ဒေါ်လာ(၃၃.၈၉)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၄,၈၃၁.၉၆) သန်းနှင့် အခြားပို့ကုန် ဒေါ်လာ (၆၉၁.၅၃) သန်းပါဝင်ခဲ့သည်ကိုတွေ့ရှိရသည်။ ယခင်နှစ်အလားတူကာလထက် အခြားပို့ကုန် ပစ္စည်းမှအပ ကျန်ပို့ကုန်များတင်ပို့မှုလျော့ကျခဲ့သည်ကိုတွေ့ရပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၁၃၂.၃၉) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၁၂.၉၇) သန်း၊ ရေထွက် ဒေါ်လာ (၄၁.၆၈) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၈.၈၇) သန်း၊ သစ်တောထွက် ဒေါ်လာ(၄၁.၈၆) သန်း နှင့် စက်မှု

ကုန်ချော ဒေါ်လာ(၁၁၄၄.၇၄) သန်း အသီးသီးလျော့နည်းတင်ပို့ခဲ့ပြီး၊ အခြားပို့ကုန် တင်ပို့မှုတွင် ဒေါ်လာ (၄၂၆.၃၂) သန်း ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ (နောက်ဆက်တွဲဇယား-က)

၃၀။ (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃) ထိ ပို့ကုန်တင်ပို့စုစုပေါင်းတွင် လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှာ ဒေါ်လာ (၁,၅၇၀.၂၁) သန်း ပါဝင်ခဲ့ပြီး-

(က) **ဆန်နှင့် ဆန်ကွဲ**တင်ပို့မှု တန်ချိန်(၄၇၄,၉၄၇.၀၁) ၊ တန်ဖိုး ဒေါ်လာ(၂၁၃.၅၂) သန်း တွင် ဆန်တန်ချိန် (၂၂၅,၈၂၁.၈၆)နှင့် ဆန်ကွဲတန်ချိန် (၂၄၉,၁၂၅.၁၅) တင်ပို့ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် **ဆန်** တန်ချိန် (၂၉၀,၉၆၃.၇၉) **နှင့် ဆန်ကွဲ** တန်ချိန် (၁၃၆၈၂၃.၅၀) စီ လျော့နည်းတင်ပို့ခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် ယခင်နှစ် အလားတူကာလထက် ဆန်နှင့် ဆန်ကွဲ တန်ချိန် (၄၂၇,၇၈၇.၂၉) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ခ) **ပဲအမျိုးမျိုး**တွင် တန်ချိန် (၈၆၃,၃၆၆.၅၀) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် တန်ချိန် (၅၇,၂၈၃.၁၇) ပိုမိုတင်ပို့ခဲ့ကြောင်း၊

(ဂ) **ပြောင်း**တွင် တန်ချိန် (၈၃၈,၈၃၃.၀၇) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၆၈,၇၁၇.၈၅) ပိုမိုတင်ပို့ခဲ့ကြောင်း၊

(ဃ) **နှမ်း**တွင် တန်ချိန် (၂၃,၁၈၃.၅၅) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၈,၇၈၄.၃၅) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(င) **ရော်ဘာစိမ်း**တွင် တန်ချိန်(၈၄,၅၁၂.၉၅) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၂၂,၁၇၂.၅၃) လျော့နည်းတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။(ဇယား- ၂)

၃၁။ **သွင်းကုန်တင်သွင်းမှု**အနေဖြင့် ၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃ ထိ စုစုပေါင်းဒေါ်လာ (၈,၄၀၁.၈၈) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၃၆.၇၁) သန်း လျော့နည်း တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ် ကာလတူထက် တန်ချိန် (၆၅,၁၉၃) ပိုမိုခဲ့ပြီး၊ တန်ဖိုးအားဖြင့် ဒေါ်လာ(၃၈.၂၇)သန်း လျော့နည်း တင်သွင်းခဲ့ကြောင်းနှင့် **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၄၆၆,၈၁၂)၊ တန်ဖိုးဒေါ်လာ အားဖြင့် (၇၇.၅၇) သန်း တိုးမြင့်တင်သွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နောက်ဆက်တွဲဇယား(ဃ)- ဇယား(၁၇)

၃၂။ **ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ငါး၊ ပုဇွန်နှင့် အခြားရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၃၈,၄၃၂.၆၆)၊ တန်ဖိုး ဒေါ်လာ (၅၉.၉၈) သန်းနှင့် ယခင်နှစ် အလားတူ ကာလတွင် တန်ချိန် (၄၈,၇၅၈.၅၅) ၊ တန်ဖိုး ဒေါ်လာ(၇၅.၂၉) သန်း တင်ပို့ခဲ့သဖြင့်

ယခင်နှစ်ထက် တန်ချိန် (၁၀,၃၂၅.၈၉)နှင့် တန်ဖိုးအားဖြင့်(၁၅.၃၁) သန်း ပိုမိုတင်ပို့ခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၅)

**နိဂုံး**

၃၃။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေ နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် သုံးသပ်ချက်နှင့်တကွ ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

## ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

## ၂၀၁၈ -၂၀၁၉ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃ ထိ)

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (ဧပြီမှ မတ်) | ၂၀၁၉-၂၀၂၀ (ဧပြီမှ မတ်) | ၂၀၂၀-၂၀၂၁ (ဧပြီ မှ မတ်) | ၂၀၂၁-၂၂ (ဧပြီ မှ မတ်) | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃) မှ (၂၉-၉-၂၀၂၃)ထိ |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂,၉၈၆.၉၈ | ၃,၆၄၆.၈ | ၄,၅၆၀.၄၁ | ၄,၁၀၂.၆၉ | ၃,၉၉၉.၀၂ | ၁,၅၇၀.၂၁ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၄၅၃.၇၁ | ၄၂၀.၈၁ | ၆၉.၄၂ | ၈.၀၄ | ၂၀.၅၀ | ၄.၀၁ |
| ၃ | ရေထွက်ပစ္စည်း | ၇၃၀.၉၈ | ၁,၂၂၈.၈၅ | ၈၀၄.၄၃ | ၈၂၄.၃၀ | ၇၆၅.၉၅ | ၃၀၀.၄၃ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁,၅၉၇.၆၀ | ၂,၅၈၈.၅၉ | ၁,၂၈၀.၈၂ | ၆၄၆.၅၆ | ၃၃၇.၀၆ | ၁၅၂.၁၄ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၈၅.၉၆ | ၂၆၅.၄၄ | ၁၂၈.၆၀ | ၁၄၆.၉၉ | ၁၃၉.၃၆ | ၃၃.၈၉ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၉,၃၉၈.၂၄ | ၁၅,၄၉၀.၂၃ | ၈,၇၇၆.၆၆ | ၈,၅၆၀.၂၂ | ၁၀,၉၄၀.၄၉ | ၄,၈၃၁.၉၆ |
| ၇ | အခြားပစ္စည်း | ၁,၈၀၀.၉၃ | ၉၈၉.၅၃ | ၉၆၃.၃၁ | ၇၃၇.၁၀ | ၄၁၇.၈၁ | ၆၉၁.၅၃ |
| | **စုစုပေါင်း** | **၁၇,၁၅၄.၄၀** | **၂၄,၆၃၀.၂၄** | **၁၆,၅၈၃.၆၆** | **၁၅,၀၂၅.၉၀** | **၁၆,၆၂၀.၁၈** | **၇,၅၈၄.၁၇** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ခ

## လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တန်ဖိုးအခြေပြဇယား (ဒေါ်လာသန်း)

| စဉ် | ပို့ကုန် အမျိုးအမည် | တန်ချိန်/ တန်ဘိုး | ၂၀၁၈-၂၀၁၉ (ဧပြီမှ မတ်) | ၂၀၁၉-၂၀၂၀ (ဧပြီမှ မတ်) | ၂၀၂၀-၂၀၂၁ (ဧပြီ မှ မတ်) | ၂၀၂၁-၂၂ (ဧပြီ မှ မတ်) | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃ ) မှ (၂၉-၉-၂၀၂၃) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ ဆန်ကွဲ | US$ | ၇၇၈.၉၉၉ | ၈၀၃.၂၇ | ၇၄၁.၁၆ | ၇၁၅.၉၈ | ၈၂၁.၃၁ | **၂၁၃.၅၂** |
| | | မတန် | ၂,၃၈၁,၇၅၅.၉၈ | ၂,၇၆၄,၇၄၄.၅၄ | ၂,၀၄၉,၀၃၇.၉၆ | ၂,၁၃၂,၂၃၂.၈၅ | ၂,၁၉၇,၅၁၀.၇၉ | **၄၇၄,၉၄၇.၀၁** |
| | ဆန် | US$ | ၆၄၈.၇၂ | ၅၈၁.၄၀ | ၄၅၆.၈ | ၄၅၉.၈၈ | ၅၁၈.၀၅ | ၁၁၂.၇၇ |
| | | မတန် | ၁,၉၂၉,၈၄၂.၂၆ | ၁,၉၀၈,၁၆၃.၇၂ | ၁,၁၆၁,၅၂၉.၃၅ | ၁,၃၀၄,၅၀၆.၉၀ | ၁,၃၂၇,၉၇၅.၈၃ | ၂၂၅,၈၂၁.၈၆ |
| | ဆန်ကွဲ | US$ | ၁၃၀.၂၇၆ | ၂၂၁.၈၆ | ၂၈၄.၃၇ | ၂၅၆.၀၈ | ၃၀၃.၂၅၃ | ၁၀၀.၇၅ |
| | | မတန် | ၄၅၁,၉၁၃.၇၂ | ၈၅၆,၅၈၀.၈၂ | ၈၈၇,၅၀၈.၆၁ | ၈၂၇,၇၂၅.၉၅ | ၈၆၉,၅၃၄.၉၆ | ၂၄၉,၁၂၅.၁၅ |
| ၂ | ပဲအမျိုးမျိုး | US$ | ၉၀၅.၁၅ | ၁၁၃၂.၀၅ | ၁၃၈၈.၅၅ | ၁,၅၉၄.၈၅ | ၁၄၇၀.၆၆ | **၇၁၅.၀၁** |
| | | မတန် | ၁,၆၄၇,၆၇၈.၃၄ | ၁,၆၀၈,၆၃၃.၈၅ | ၁,၇၅၇,၀၂၅.၁၄ | ၂,၁၄၅,၆၇၉.၁၇ | ၁,၉၁၉,၁၅၆.၁၀ | **၈၆၃,၃၆၆.၅၀** |
| | မတ်ပဲ | US$ | ၃၀၂.၉၁ | ၄၁၀.၆၆ | ၃၈၆.၅၉ | ၆၀၆.၉၉ | ၅၃၁.၈ | ၃၃၇.၅ |
| | | မတန် | ၆၈၈,၂၅၀.၃၀ | ၆၁၃,၈၉၇.၃၂ | ၄၈၇,၉၂၆.၀၁ | ၈၀၁,၆၃၈.၂၃ | ၆၄၉,၉၄၀.၂၃ | ၃၈၁,၇၆၈.၇၆ |
| | ပဲတီစိမ်း | US$ | ၃၀၀.၉၈ | ၃၆၀.၇၉ | ၄၈၆.၀၂ | ၅၅၅.၄၆ | ၄၈၉.၀၉ | ၁၆၁.၂၂ |
| | | မတန် | ၄၁၄,၀၁၂.၀၈ | ၄၈၀,၇၂၆.၈၅ | ၆၁၁,၁၂၄.၆၀ | ၇၃၄,၅၁၈.၅၆ | ၆၉၁,၃၉၉.၂၉ | ၂၃၉,၁၉၁.၄၀ |
| | ပဲစဉ်းငုံ | US$ | ၇၈.၀၅ | ၉၃.၂၈ | ၇၆.၃၆ | ၁၆၃.၆၈ | ၁၈၇.၃၉ | ၉၄.၅၇ |
| | | မတန် | ၂၁၀,၃၃၈.၁၀ | ၁၅၈,၂၇၁.၂၇ | ၁၁၄,၅၈၁.၃၇ | ၂၄၄,၈၈၅.၉၈ | ၂၃၉,၅၃၇.၇၃ | ၁၀၇,၄၂၄.၉၅ |
| | မြေပဲဆံ | US$ | ၇၁.၂၉ | ၁၀၉.၇၄ | ၂၁၄.၇၁ | ၇၆.၅၄ | ၄၀.၁၆ | ၁၅.၅၄ |
| | | မတန် | ၆၁,၈၉၁.၅၉ | ၈၂,၇၄၀.၃၆ | ၁၇၀,၃၇၉.၅၁ | ၇၈,၃၄၇.၄၅ | ၃၂,၀၄၆.၁၇ | ၁၀,၀၅၀.၀၆ |
| ၃ | နှမ်း | US$ | ၁၅၀.၇ | ၂၂၈.၂၄ | ၄၁၄.၉၉ | ၂၄၈.၇ | ၁၃၂.၅၇ | **၃၆.၉၈** |
| | | မတန် | ၁၀၀,၇၀၄.၃၅ | ၁၃၂,၇၈၄.၇၀ | ၂၉၇,၇၉၅.၄၂ | ၁၉၇,၁၁၇.၁၉ | ၁၀၀,၀၆၅.၀၉ | **၂၃,၁၈၃.၅၅** |
| ၄ | ပြောင်း | US$ | ၂၁၉.၈၉ | ၃၆၈.၅၅ | ၄၇၂.၈၈ | ၅၇၃.၀၈ | ၅၉၃.၀၄ | **၂၅၄.၉၂** |
| | | မတန် | ၁,၀၆၀,၂၁၈.၆၂ | ၂,၁၉၁,၃၂၅.၂၄ | ၂,၆၀၇,၄၇၆.၁၇ | ၂,၄၁၄,၆၆၅.၀၅ | ၁,၉၂၁,၇၁၅.၁၈ | **၈၁၈,၈၃၃.၀၇** |
| ၅ | ရာဘာ | US$ | ၂၃၉.၈၂ | ၂၃၈.၄၉ | ၄၁၀.၂၆ | ၄၅၈.၅၈ | ၃၂၂.၁၉ | **၁၀၄.၂၈** |
| | | မတန် | ၁၉၁,၆၅၀.၀၄ | ၁၈၄,၈၄၀.၄၅ | ၂၈၈,၂၇၅.၅၅ | ၃၁၅,၁၀၀.၇၈ | ၂၃၉,၃၉၄.၆၅ | **၈၄,၅၁၂.၉၅** |
| ၆ | အခြား | US$ | ၆၉၂.၄၂ | ၈၇၆.၂၀ | ၁,၁၃၂.၅၈ | ၅၁၂.၇၃ | ၆၅၉.၂၅ | **၂၄၅.၅၀** |
| စုစုပေါင်း | | US$ | **၂,၉၈၆.၉၈** | **၃,၆၄၆.၇၉** | **၄,၅၆၀.၄၁** | **၄,၁၀၃.၉၂** | **၃,၉၉၉.၀၂** | **၁,၅၇၀.၂၁** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဂ

## ဘဏ္ဍာနှစ်အလိုက် သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၈-၁၉ (ပြေီမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြေီမှ မတ်) | ၂၀၂၀-၂၁ (ပြေီမှ မတ်) | ၂၀၂၁-၂၀၂၂ (ပြေီမှ မတ်) | ၂၀၂၂-၂၀၂၃ (ပြေီမှ မတ်) | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၂၉-၉-၂၀၂၃)ထိ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၆,၂၄၉.၄၁ | ၇,၂၆၁.၇၈ | ၅,၉၀၀.၄၀ | ၃,၃၃၄.၅၇ | ၃,၇၃၂.၄၇ | ၃၀၆.၆၅ | ၁,၄၃၉.၆၄ | ၁,၇၄၆.၂၉ |
| (ခ) | လုပ်ငန်းသုံး ကုန်ကြမ်း ပစ္စည်းများ | ၇,၄၆၄.၈၅ | ၇,၆၁၇.၆၂ | ၅,၅၁၁.၁၇ | ၆,၀၇၅.၂၀ | ၈,၉၅၃.၁၁ | ၈၃.၄၉ | ၃,၉၉၄.၁၈ | ၄,၀၇၇.၆၇ |
| (ဂ) | လူသုံးကုန် ပစ္စည်းများ | ၄,၉၆၇.၅၇ | ၅,၀၈၀.၅၄ | ၃,၉၂၅.၉၂ | ၃,၅၁၇.၇၈ | ၄,၆၆၇.၁၃ | ၂၀.၇၁ | ၁,၃၄၅.၅၅ | ၁,၃၆၆.၂၇ |
| (ဃ) | CMP | - | - | ၈၁၅.၂၆ | ၁,၈၉၅.၂၄ | - | ၀ | ၁,၂၁၁.၆၅ | ၁,၂၁၁.၆၅ |
| စုစုပေါင်း | | ၁၈,၆၈၁.၈၄ | ၁၉,၉၅၉.၉၃ | ၁၆,၁၅၂.၇၄ | ၁၄,၈၂၂.၇၉ | ၁၇,၃၅၂.၇၂ | ၄၁၀.၈၅ | ၇,၉၉၁.၀၃ | ၈,၄၀၁.၈၈ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဃ

# ၂၀၂၃-၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း မြေဩဇာတင်သွင်းမှုအခြေအနေ

မက်ထရစ်တန်

| စဉ် | မြေဩဇာအမျိုးအစား | ၂၀၂၃ ခုနှစ် | | | | | | | | | ၂၀၂၄ ခုနှစ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | |
| ၁ | Nitrogen | ၄၃,၈၇၉ | ၈၂,၁၆၂ | ၇၃,၀၆၄ | ၁၇၁,၇၉၈ | ၁၂၄,၄၇၃ | ၁၄၁,၂၀၂ | | | | | | | ၆၃၆,၅၇၈ |
| ၂ | Phosphate | ၁,၉၀၁ | ၁၅,၇၁၇ | ၀ | ၄,၄၉၇ | ၇,၄၂၁ | ၆,၀၂၄ | | | | | | | ၃၅,၅၆၀ |
| ၃ | Potassium | ၄,၅၁၃ | ၃,၀၁၂ | ၃,၅၈၃ | ၈,၈၁၈ | ၇,၃၀၄ | ၇,၃၇၄ | | | | | | | ၃၄,၆၀၄ |
| ၄ | Compound | ၁၄,၃၅၅ | ၄၃,၄၃၆ | ၇၆,၂၄၃ | ၆၆,၄၉၉ | ၅၆,၆၄၀ | ၃၃,၁၇၆ | | | | | | | ၂၉၀,၃၄၉ |
| ၅ | Follar | ၁၅ | ၂ | ၁၆၀ | ၁၇၁ | ၉၈ | ၄၉၄ | | | | | | | ၉၄၀ |
| ၆ | Organic | ၁၂၅ | ၆၅၂ | ၂၀၅ | ၅၂၁ | ၆၄ | ၁၀၅ | | | | | | | ၁,၆၇၂ |
| ၇ | Gypsum | ၄၅၀ | ၀ | ၁၃၀ | ၃၈၄ | ၀ | ၃၈၄ | | | | | | | ၁,၃၄၈ |
| ၈ | Other | ၁၆၃ | ၁,၁၇၉ | ၃,၁၆၇ | ၁,၃၈၃ | ၁,၆၂၆ | ၄၁၃ | | | | | | | ၇,၉၃၁ |
| | စုစုပေါင်း | ၆၅,၄၀၁ | ၁၄၆,၁၆၀ | ၁၅၆,၅၅၂ | ၂၅၄,၀၇၁ | ၁၉၇,၆၂၆ | ၁၈၉,၁၇၂ | | | | | | | ၁,၀၀၈,၉၈၂ |

Source : Customs Department